---------ခရိုင်၊ ----------မြို့နယ်

စိုက်ခင်းများရေရှည်တည်တံ့

စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးကျေးရွာကော်မတီများပူးပေါင်းပါဝင်မှုဖြင့်

ထုတ်ယူသုံးစွဲမည့်စီမံချက်

ရက်စွဲ၊ ၂၀၁ ခုနှစ် လ၊ ( )ရက်

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ် က ကျေးရွာသို့လွှဲပြောင်းပေးအပ်သော ကျေးရွာသုံးထင်းစိုက်ခင်း သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်

နိဒါန်း

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒေသခံကျေးလက်နေပြည်သူများ၏ အိမ်ယာထူထောင်ရေး၊ လယ်ယာစိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ထင်း၊ မီးသွေး၊ သစ်၊ တိုင်၊ မျောများလွယ်ကူအဆင်ပြေစွာရရှိနိုင်ရေး အတွက် ကျေးရွာသုံးသစ်တော စိုက်ခင်းများထူထောင်ပေးလျက်ရှိပါသည်။ တည်ထောင်စိုက်ပျိုးခဲ့သောကျေးရွာသုံးထင်းစိုက်ခင်းများအနက် (၅)နှစ်ပြည့်မြောက်ပြီးသောစိုက်ခင်းများအား ဒေသခံပြည်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် နီးစပ်ရာကျေးရွာသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိပါသည်။ လွှဲပြောင်းပြီးစိုက်ခင်းများရေရှည် တည်တံ့ရေးအတွက် စနစ်တကျထိန်းသိမ်းထုတ်ယူသုံးစွဲနိုင်ရန် လုပ်ငန်းစီမံချက်ကိုပြုစုရေးဆွဲတင်ပြခြင်းဖြစ်ပါသည်။

ရည်ရွယ်ချက်

၂။ (က) စိုက်ခင်းများရေရှည်တည်တံ့ရေးအတွက် စနစ်တကျထိန်းသိမ်း/ထုတ်ယူသုံးစွဲနိုင်စေရန်၊

(ခ) ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးအတွက်လိုအပ်သောထင်းများ ပြည့်ဝစွာဖြည့် ဆည်းပေးနိုင်ရန်၊

(ဂ) သဘာဝတောမှ သစ်တောသယံဇာတများကိုဒေသလိုအပ်ချက်အတွက် ထုတ်ယူသုံးစွဲနေရသည့် ဖိအားများကို လျှော့ချနိုင်ရေး၊ သဘာဝတောများရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက် အကူပြုရန်၊

(ဃ) စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးတို့ကို အထောက် အကူပြုရန်၊

(င) သစ်တောသယံဇာတများပြုစုထိန်းသိမ်းကာကွယ်ရေး၊ စနစ်တကျထုတ်ယူသုံးစွဲရေး အသိတရားများ ဒေသခံပြည်သူများတွင် တိုးပွားလာပြီးပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်

တည်နေရာနှင့်အကျယ်အဝန်း

၃။ ..........................................................................................

ရာသီဥတု

၄။ မိုးရေချိန်..........................................................................................

မြေအမျိုးအစား

၅။ ..........................................................................................

လက်ရှိသစ်ပင်ပေါက်ရောက်မှု

၆။ (.........)ကျေးရွာသုံးထင်းစိုက်ခင်းတွင်( )ပင်( )အကွာအဝေးဖြင့်( )စိုက်ပျိုးထားပြီး ရှင်ပင် ရာခိုင်နှုန်းမှာ(............)ဖြစ်ပါသည်။

လွှဲပြောင်းလက်ခံရယူသည့် ကျေးရွာအခြေအနေ

၇။ ( )မြို့နယ်( )ကျေးရွာအုပ်စု( )ကျေးရွာသို့( )ကျေးရွာသုံးထင်းစိုက်ခင်း(-----) ဧကကို ( )ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အိမ်ခြေ(-----)လူဦးရေ( )ဦး ရှိပြီးတောင်သူ လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထား၍ လုပ်ကိုင်စားသောက်ကြပါသည်။

စိုက်ခင်းအားပြုစုထိန်းသိမ်းခြင်းနှင့် ထုတ်ယူသုံးစွဲခြင်း

၈။ (က) ကျေးရွာသုံးထင်းစိုက်ခင်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ကျေးရွာအုပ်ချုပ်ရေးမှူး |
| အတွင်းရေးမှူး | - | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှစာရေး |
| အဖွဲ့ဝင် | - | ရပ်မိရပ်ဖ(၄)ဦးတို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ပါသည်။ |

(ခ) ပြုစုပျိုးထောင်နည်းစနစ်

ထင်းစိုက်ခင်းဖြစ်သည့်အတွက် ပင်ကျပ်နှုတ်ရန်မလိုပေ။ ကိုင်းဖြတ်ခြင်းနှင့် ထုတ်ယူ သုံးစွဲပြီးအပင်များအားငုတ်တက်ချွန်ခြင်းများကိုသာ ဆောင်ရွက်မည်ဖြစ်ပါသည်။ ကွက်လပ်နေရာများတွင် အပင်များပြန်လည်အစားထိုးစိုက်ပျိုးမည်ဖြစ်ပါသည်။

(ဂ) ခုတ်ပတ်သတ်မှတ်ခြင်း

ထင်းအဖြစ်ခုတ်ယူသုံးစွဲခြင်းအတွက် (၄)နှစ်သတ်မှတ်မည်ဖြစ်ပါသည်။

(ဃ) ခုတ်လှဲခြင်း

စိုက်ခင်းကိုအပြောင်ရှင်းခုတ်လှဲခြင်းအစား(၃)နှစ်(သို့မဟုတ်)(၄)နှစ် ခုတ်ကွက်များ သတ်မှတ်၍ ဆောင်ရွက်စေမည်ဖြစ်ပါသည်။ ခုတ်ကွက်သတ်မှတ်ပေးခြင်းနှင့် ဒုတိယအကြိမ် ငုတ်တက်များရရှိရေးအတွက်စနစ်တကျခုတ်လှဲခြင်းတို့ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ နည်းပညာအကူအညီပေးမည်ဖြစ်ပါသည်။

(င) ဒေသပြင်ပသို့ ရောင်းချခြင်းအပေါ် စီမံဆောင်ရွက်ခြင်း

ကျေးရွာသို့ လွှဲပြောင်းပေးအပ်ပြီးသောကျေးရွာပိုင်ထင်းစိုက်ခင်းမှ ထွက်ရှိလာသည့် ထင်းများကိုဒေသပြင်ပသို့ ထုတ်ယူရောင်းချခြင်းမပြုဘဲကျေးရွာအတွင်းရှိ အိမ်ထောင်စုများအတွက် လောင်စာထင်းလုံလောက်စွာရရှိစေရန် ကျေးရွာအုပ်ချုပ်ရေးမှူး၏ စီမံဆောင်ရွက်မှုဖြင့် ဖြန့်ဝေသုံးစွဲသွားမည်ဖြစ်ပါသည်။

နိဂုံး

၉။ ကျေးရွာသုံးထင်းစိုက်ခင်းများအတွက် လွှဲပြောင်းပေးအပ်ခဲ့သောထင်းစိုက်ခင်းများအား စနစ်တကျ ပြုစုထိန်းသိမ်းခြင်း၊ ခုတ်ယူသုံးစွဲခြင်းဖြင့် ရေရှည်တည်တံ့ပြီးကျေးလက်နေပြည်သူများအတွက် လိုအပ်သည့် ထင်းများအားစဉ်ဆက်မပြတ်ထုတ်ယူရရှိခြင်းဖြင့် သဘာဝသစ်တောများမှ ထင်းခုတ်ယူသုံးစွဲမှုများလျော့နည်းလာပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

ကျေးရွာသုံးထင်းစိုက်ခင်းကြီးကြပ်မှုကော်မတီဖွဲ့

(၅)နှစ်ပြည့် ကျေးရွာသုံးစိုက်ခင်း လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်တွင် ထည့်သွင်းဖော်ပြမည့် အချက်များ

(က) အကျိုးပြုကျေးရွာ ရွေးချယ်ခြင်းကို ခရိုင်၊ တိုင်းဒေသကြီးအဆင့်ဆင့်မှ သေချာစွာစိစစ်ပြီး သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ရယူထားရန်

(ခ) သာမန်အားဖြင့် ကျေးရွာတစ်ရွာသို့ စိုက်ကွက်တစ်ခုသာ လွှဲပြောင်းပေးအပ်ရန်ဖြစ်ပါသည်။ ကျေးရွာတစ်ရွာထဲသို့ စိုက်ကွက်တစ်ကွက်ထက်ပို၍ လွှဲပြောင်းပေးအပ်ရန်လိုပါက ဦးစီးရုံးချုပ်သို့ ကြိုတင်တင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ရန်

(ဂ) စိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲရာတွင် ဦးစီးရုံးချုပ်မှ နမူနာပေးပို့သည့် ပုံစံကို ကူးယူဖော်ပြခြင်းမဟုတ်ဘဲ မှီငြမ်းကိုးကား၍ လွှဲပြောင်းပေးမည့်စိုက်ခင်း၏ လက်ရှိ အောင်မြင်မှုအခြေအနေ၊ ဒေသအခြေအနေတို့နှင့် ကိုက်ညီဆီလျော်သင့်တော်သည့် နည်းလမ်းများကို ထည့်သွင်းရေးဆွဲရန်

(ဃ) စိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲရာတွင် ကျေးရွာသုံးစိုက်ခင်း ကြီးကြပ်မှုလုပ်ငန်း ကော်မတီကို ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ကျေးရွာရပ်မိရပ်ဖအနည်းဆုံး(၅)ဦး ပါဝင်ဖွဲ့စည်းရန်နှင့် မြို့နယ်အလိုက် အကျိုးပြုကျေးရွာများအား လိုအပ်သော နည်းပညာနှင့် အကြံဉာဏ်များ ပံ့ပိုးပေးနိုင်သည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တောအုပ် အဆင့်ထက် မနိမ့်သောဝန်ထမ်းတစ်ဦးအား Contact Person အဖြစ် သီးခြားတာဝန်ချထား ပေးရန်

(င) မြို့နယ်မှရောက်ရှိတင်ပြလာသည့် စိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းကို ခရိုင်တာဝန်ခံတို့မှ စိစစ်ပြီး အတည်ပြု၍ တိုင်းဒေသကြီး၊ ဒုတိယညွှန်ကြားရေးမှူးက ထပ်မံစိစစ်သုံးသပ်၍ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ထပ်ဆင့်အတည်ပြုပေးရန်

(စ) စိုက်ခင်းလွှဲပြောင်းခြင်းအစီအစဉ်ကို အခမ်းအနားများဖြင့် ကျင်းပပြုလုပ်ရာ၌ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ဒုတိယညွှန်ကြားရေးမှူးက ဦးစီးဆောင်ရွက်စေရန်ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်မှ ဆက်စပ်ဌာနများ (အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန/သစ်တောဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ၊မြို့နယ်၊ ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီများ, ရှေ့မှောက် တွင် လွှဲပြောင်းပေးအပ်ခြင်း ဆောင်ရွက်ရန်

(ဆ) စိုက်ခင်းလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတွင် ဖြစ်နိုင်ပါကသတင်းမီဒီယာများကိုပါ ဖိတ်ကြား ဆောင်ရွက်ရန်

(ဇ) စိုက်ခင်းလွှဲပြောင်းလက်ခံမှတ်တမ်းလွှာနှင့်အတူ လွှဲပြောင်းပေးအပ်သည့် စိုက်ခင်းနှင့် လွှဲပြောင်းသည့် အကျိုးပြုကျေးရွာ တို့၏ တည်နေရာများ ထင်ရှားစွာဖော်ပြထားသော မြေပုံ ပူးတွဲတင်ပြရန်နှင့် စိုက်ခင်းရှိ သစ်ပင်များအပေါ် စီမံအုပ်ချုပ်လုပ်ပိုင်ခွင့်ကိုသာ လွှဲပြောင်း ပေးအပ်ခြင်းဖြစ်ပြီး မြေယာပိုင်ဆိုင်မှုနှင့် သက်ဆိုင် ခြင်းမရှိကြောင်း ရေးသားဖော်ပြထားရန်

(ဈ) စိုက်ခင်းလွှဲပြောင်းလက်ခံမှတ်တမ်းတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၏ အတည်ပြု ထားသော ရက်စွဲနှင့်စာအမှတ်တို့ကို ထင်ရှားစွာဖော်ပြပါရှိရန်

(ည) အထက်ဖော်ပြပါညွှန်ကြားချက်များအား တိုင်းဒေသကြီးအလိုက် ရေးဆွဲပြဋ္ဌာန်းထားသော ထင်းစိုက်ခင်းဥပဒေ/နည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရေး စိစစ်ဆောင်ရွက်ရန်

# အထူးစီမံလန်းစိုပြည်ရေးလုပ်ငန်းဆိုင်ရာ
# ညွှန်ကြားချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

MONREC

Fax ၀၂ ၇၇၈၃၈
E-mail :dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ်။ စီမံကိန်း/စိမ်းလန်း/ ၃ /၁၄၂၁၁.၃၅/၂၀၁၇
ရက် စွဲ ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ ပြည်ထောင်စုဝန်ကြီး ခရီးစဉ်လမ်းညွှန်မှာကြားချက်များ လိုက်နာဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက်။ ညွှန်ကြားရေးမှူးရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၁၄-၈-၂၀၁၇ ရက်စွဲပါစာအမှတ်၊ စိမ်းလန်း/န/၅၂၄၆-၅၁ / ၂၀၁၇

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ (၁၂-၈-၂၀၁၇)ရက်နေ့ မန္တလေးတိုင်းဒေသကြီးခရီးစဉ်အတွင်း ညောင်ဦးမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဧည့်ရိပ်သာ၌ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအား ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းအပေါ် ညွှန်ကြားရေးမှူးချုပ်မှ "မှတ်သားဆောင်ရွက်စေပါ၊ ဆောင်ရွက်ပြီးက ပြန်တင်ပြစေပါ"ဟု မိန့်မှတ်ချက်ပြုခဲ့ပါသဖြင့် အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များအား အလေးထားလိုက်နာ ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား အချိန်နှင့်တပြေးညီ ပြန်လည်တင်ပြရန် အကြောင်းကြားပါသည် -

ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်များ

(၁) သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍

- (၅)နှစ်နှင့်မပြည့်စုံနိုင်သဖြင့်(၁၀)နှစ်အထိ ဆက်လက်ထိန်းသိမ်းလျှင် ပိုမိုကောင်းမွန်နိုင်ပါမည်
- (၃)နှစ်ပြည့်လျှင် တိုးတက်မှုကြည့်ပြီး ရရှိလာသည့်ရလဒ်အား သုံးသပ်၍ (၁၀)နှစ်အထိ ဆက်လုပ်သင့်ကြောင်း အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ တင်ပြရန်

(၂) တရင်တောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့်ပတ်သက်၍

- မြေသားပြောင် ဖြစ်နေသည့် တောင်စောင်းများတွင် ကျင်းတူးပြီး ဆူးထိုးစနစ်ဖြင့် ကန္တာစိမ်းသစ်စေ့အား တိုက်ရိုက်အစေ့ချနည်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးရန်
- ကျင်း(၅၀)ခန့် စမ်းသပ်ဆောင်ရွက်ကြည့်ရန်
- ယခုနှစ်မိုးရာသီ မမီပါက လာမည့်နှစ်(၂၀၁၈ ခုနှစ်၊ မိုးရာသီ)တွင် ဆောင်ရွက်ရန်

(၃) Tissue Culture ယူကလစ်သစ်မျိုး စမ်းသပ်စိုက်ကွက်အား စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်၍ တင်ပြရန်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ဘခေါင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူကို-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အမှုတွဲဖိုင်
၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၃။ ညွှန်ကြားရေးမှူး၊(စစ်ကိုင်း၊မကွေး)တိုင်းဒေသကြီး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနထံ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ညွှန်ကြားပေးပို့ပါသည်။
၄။ ရုံးလက်ခံ
၅။ အမှုတွဲဖိုင်

MONREC

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

[illegible]
Fax [illegible]
Fax [illegible]
E-mail : [illegible]
Website: [illegible]


စာအမှတ်၊စိမံကိန်း/စိမ်းလန်း/စသ ၁၆/၁၂၅၃၅၉/၂၀၁၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဘက်စုံသုံး တစ်ရွာတစ်ဧက စိုက်ခင်းအားသက်ဆိုင်ရာကျေးရွာသို့ စနစ်တကျ လွှဲပြောင်းရန်ကိစ္စ

ရည် ညွှန်း ချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၉-၁-၂၀၁၅)ရက်စွဲပါစာအမှတ်စိမံကိန်း/စိမ်းလန်း/စခ-၁၆/ဝ၆ဝ-၆၃/ ၂၀၁၆

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် (၂၀၁၄ ခုနှစ် မိုးရာသီ)တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တည်ထောင်စိုက်ပျိုးခဲ့သော ဘက်စုံသုံးတစ်ရွာတစ်ဧကစိုက်ခင်းများအား ပြည်သူလူထုသို့ စနစ်တကျလွှဲပြောင်းရန်နှင့် သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲပြောင်းရာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပါဝင်သော အုပ်ချုပ်လုပ်ကိုင်မှုကော်မတီကို ဖွဲ့စည်းပြီး လွှဲပြောင်းပေးရန်နှင့် လွှဲပြောင်းပြီးစီးက လွှဲပြောင်း လက်ခံစာချုပ်မှတ်တမ်းပုံစံနှင့် မှတ်တမ်းဓာတ်ပုံများကို ပြန်လည်တင်ပြရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် တိုင်းဒေသကြီးအသီးသီး၌ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် (၂၀၁၅ခုနှစ်မိုးရာသီ)တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တည်ထောင်စိုက်ပျိုးခဲ့သော ဘက်စုံသုံးတစ်ရွာတစ်ဧကစိုက်ခင်းများအား သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းလက်ခံမှုမှတ်တမ်း၊ ဓာတ်ပုံများပေးပို့ တင်ပြမှုမရှိသေးကြောင်းစိစစ်တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပါဝင်သော အုပ်ချုပ်လုပ်ကိုင်မှုကော်မတီကိုဖွဲ့စည်းပြီး စနစ်တကျ လွှဲပြောင်းပေးအပ်သွားရန်နှင့် လွှဲပြောင်းပြီးစီးက လွှဲပြောင်းလက်ခံစာချုပ်မှတ်တမ်းပုံစံနှင့် မှတ်တမ်းဓာတ်ပုံများကို Soft copy နှင့်တကွ အမြန်ဆုံး တင်ပြရန် အကြောင်းကြား ပါသည်။

၃။ ထို့ပြင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်မှ စတင်၍နှစ်စဉ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးတည်ထောင်မည့် ဘက်စုံသုံးတစ်ရွာတစ်ဧကစိုက်ခင်းများအား ဒိဇင်ဘာလရှင်ပင်ရေတွက်ခြင်း စာရင်းကောက်ယူပြီးချိန်တွင် သက်ဆိုင်ရာ ကျေးရွာများသို့ အလားတူ စနစ်တကျ လွှဲပြောင်းသွားရန် ထပ်ဆင့် အကြောင်းကြားပါသည်။

15-7-2016

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ ဘကောင်း၊ ညွှန်ကြားရေးမှူး (စီမံကိန်း)]

D:\PHYU\PHYU\SPECIAL LETTER\၃ DIVISION\MYANMAR-S1.DOC

မိတ္တူ

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၂။ ရုံးလက်ခံ

၃။ မျှောစာတွဲ

√၄။ အမှတ်တွဲဖိုင်

D:\PHYU\PHYU\SPECIAL LETTER\၄-DIVISION(MYANMAR-၃).DOC

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

Fax
Fax
E-mail : dgmonrec@gmail.com
Website: www.dryzonegreening.gov.mm

စာအမှတ် ၊ စီမံကိန်း/စိမ်းလန်း/[illegible] ၁၈၀၀ ၊ ၁၄ /၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ပျိုးပင်အမြင့်နှင့် ကျင်းအရွယ်အစား ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ

ရည် ညွှန်း ချက်။ (၁)ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏၁၇-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊စီမံကိန်း/စိမ်းလန်း/လ၀-၆(ထူး)/၁၇၇၂-၇၅/ ၂၀၁၆

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမတွင် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်နေ့မှ (၂၀)ရက်နေ့ထိ တိုင်းဒေသကြီး/ ခရိုင်တာဝန်ခံများနှင့် ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်အရ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် ၂၀၁၇ခုနှစ်၊ မိုးရာသီမှစတင်၍ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ပျိုးပင်အမြင့် အနည်းဆုံး ၂'နှင့်အထက် (ပျိုးအိတ်အမြင့်မပါ) ပျိုးပင်များဖြင့် စိုက်ပျိုးသွားရန်နှင့် ကျင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း ကျင်းအရွယ်အစားမှာ မြေပြန့်တွင်(၃'x၃'x၂')နှင့် တောင်စောင်းတွင် (၄½'x၂'x၂') (၁၈-ကုဗပေ)ဖြင့် ဆောင်ရွက်သွားရန် ရည်ညွှန်း(၁)ပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ ရည်ညွှန်း(၂)ပါ အစည်းအဝေးလမ်းညွှန်ချက်အရ ၂၀၁၇ခုနှစ်၊ မိုးရာသီတွင် ဆောင်ရွက်မည့် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေတိုးမြှင့်ခွင့်ပြုခြင်း မရရှိသေးပါသဖြင့် ကျင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ကျင်းအရွယ်အစားအား ယခင်နှစ်များအတိုင်း မြေပြန့်တွင်(၃'x၃'x၁') (၁'x၁'x၁')၊ တောင်စောင်းတွင် (၄'x၁½'x၁½') (၁'x၁'x၁')ဖြင့် ဆောင်ရွက်သွားရန်နှင့် ပျိုးပင်ကိုမူ ရည်ညွှန်း(၁)စာပါအတိုင်း အမြင့် အနည်းဆုံး ၂'နှင့်အထက် (ပျိုးအိတ်အမြင့်မပါ) အထူးစိမ်းပျိုးပင်များဖြင့် စိုက်ပျိုးဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

21.10.2016

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ ဘကောင်း၊ ညွှန်ကြားရေးမှူး (စီမံကိန်း)]

မိတ္တူ။
၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၂။ ရုံးလက်ခံ ၃။ မျှောစာတွဲ ၄။ အမှုတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

Website: www.dryzonegreening.gov.mm

စာအမှတ်။ စီမံကိန်း/စိမ်းလန်း/၈၃၄ ဖ(ကျ)/၁၅၆-၄၅ /၂၀၁၅
ရက် စွဲ ။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ အထူးစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် ပန္နက်အကွာအဝေး ပြင်ဆင်ဆောင်ရွက်ရန်ကိစ္စ

ရည် ညွှန်း ချက်။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၌ ၁၀-၉-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၄/၂၀၁၅) စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ်စဉ်(၅)

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြေဆီလွှာပျက်စီးပြုန်းတီးမှု ဆိုးရွားသောနေရာများနှင့် တည်နေရာအနေအထား (ဘာသာရေး၊ ယဉ်ကျေးမှုနှင့် အချက်အချာကျမှု)အရ အရေးပါသော နေရာများတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် ရေမြေတောတောင်များထိန်းသိမ်းရန် ရည်ရွယ်၍ စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းနှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းများကို အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းလုပ်ငန်းများအား ပန္နက်အကွာအဝေး (၁၂'×၁၂') ဖြင့် စိုက်ပျိုးရာ၌ ပန္နက်ကျဲပြီး ရေမြေရာသီဥတု အခြေအနေအရ အပင်များ ကြီးထွားနှုန်းမှာလည်း နှေးကွေးသဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရရှိရန် အချိန်ကာလ ကြာမြင့်သောကြောင့် အထူးစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌ မြေပြင်အနေအထားနှင့် သဘာဝတောကျန်အနေအထားပေါ် မူတည်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ပန္နက်အကွာအဝေးကို အောက်ပါအတိုင်း ပြောင်းလဲအသုံးပြုဆောင်ရွက်သွားရန် ရည်ညွှန်းပါအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာမှာ တောင်စောင်းဖြစ်ပါက ကွန်တိုလိုင်းပေါ်၌ (၆'×၁½'×၁') ချက်ကျင်း (၁)ပေပတ်လည် ကျင်းရှည်စနစ်ဖြင့် တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို (၉)ပေခြား၍ စိုက်ပျိုးရန်နှင့် ကွန်တိုလိုင်းကြား အကွာအဝေးကို (၆)ပေခြားကာ ဝက်ခေါင်းထိုးနည်းဖြင့် ပန္နက်အကွာအဝေး (၉'×၆') ဖြင့် စိုက်ပျိုးရန်

(ခ) လုပ်ငန်းဆောင်ရွက်မည့်နေရာသည် မြေပြန့်ဖြစ်ပါက သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများတွင် (၃'×၃'×၁') ချက်ကျင်း (၁)ပေပတ်လည် ကျင်းစနစ်ဖြင့် ပန္နက်အကွာအဝေး (၉'×၉') ဖြင့် စိုက်ပျိုးရန်

(ဂ) သဘာဝတောကျန်များရှိ ကွက်လပ်များတွင် (Gap Planting စနစ်ဖြင့်) အထူးစီမံလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ရန်ဖြစ်ပါက ပန္နက်အကွာအဝေးကို (၁၂'×၁၂')အောက်ဖြစ်သော (၁၂'×၉')၊ (၁၂'×၆')၊ (၉'×၉')၊ (၉'×၆')၊ (၆'×၆') များအနက်မှ တောကျန်အပင်များ၏အခြေအနေနှင့် ရရှိသော မြေကွက်လပ်ပေါ်မူတည်၍ သင့်လျော်သော ပန္နက်အကွာအဝေးကို ရွေးချယ်ပြီး ဦးစီးရုံးချုပ်သို့ တင်ပြ၍ အတည်ပြုချက် ရယူဆောင်ရွက်ရန်

၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အထူးစီမံလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်မှ စတင်၍ အထက်ဖော်ပြပါ လုပ်ငန်းလမ်းညွှန်ချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ ဘကောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း) ]

မိတ္တူကို-

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစီမံလန်းစိုပြည်ရေးဦးစီးဌာန
၂။ ရုံးလက်ခံ
၃။ မျှောစာတွဲ
၄။ အမှုတွဲ

သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့

ညွှန်ကြားရေးမှူး(စီမံကိန်း) [illegible]
လ/ထညွှန်ကြားရေးမှူး(စီမံကိန်း) [illegible]
Fax [illegible]

စာအမှတ်၊စီမံကိန်း/စိမ်းလန်း/စခ-၁၆/ ၉၅၁ -၅၄ / ၂၀၁၁
ရက်စွဲ၊ ၂၀၁၁ခုနှစ် ၊ နိုဝင်ဘာလ ၁၉ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး

အကြောင်းအရာ။ **၂၀၀၉-၂၀၁၀ခုနှစ် (၂၀၀၉ခုနှစ်မိုးရာသီ)တွင် တည်ထောင်ခဲ့သော တစ်ရွာတစ်ဧကစိုက်ခင်းများကို ကျေးရွာသို့ လွှဲအပ်ရန်နှင့် ၂၀၁၀-၂၀၁၁ခုနှစ် (၂၀၁၀ ခုနှစ် မိုးရာသီ)စိုက်ခင်းများအား ဆက်လက်ထိန်းသိမ်းရန်ကိစ္စ။**

ရည် ညွှန်း ချက် ။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၈-၇-၁၀ရက်စွဲပါစာအမှတ်၊ စီမံကိန်း/စိမ်းလန်း/စခ-၁၆/၅၅၀-၅၃/၂၀၁၀

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ၂၀၁၀ခုနှစ် မိုးရာသီများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တည်ထောင်စိုက်ပျိုးခဲ့သော တစ်ရွာတစ်ဧကဘက်စုံသုံး စိုက်ခင်းများကို သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲအပ်ရန်အတွက် လက်ရှိအောင်မြင်မှုအခြေအနေကို စစ်ဆေးတင်ပြရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ သို့ပါ၍ လူကြီးမင်းတို့တိုင်းဒေသကြီးများမှ စစ်ဆေးတင်ပြချက်များအရ တိုင်းဒေသကြီး (၃)တိုင်းအတွင်း ၂၀၀၉ခုနှစ် မိုးရာသီကတွင်ကည်ထောင်စိုက်ပျိုးခဲ့သော တစ်ရွာတစ်ဧက ဘက်စုံသုံး စိုက်ခင်းများကို သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲအပ်နိုင်ရေးအတွက် "ကျေးလက်ဒေသဖွံ့ဖြိုးရေး (၁)ရွာ (၁)ဧက ဘက်စုံသုံးစိုက်ခင်းလွှဲပြောင်းလက်ခံခြင်းစာချုပ်မှတ်တမ်း" ပုံစံကို ပူးတွဲပေးပို့ပါသည်။

၃။ သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲပြောင်းပြီးစီးကြောင်းကို လွှဲပြောင်းလက်ခံခြင်းစာချုပ်မှတ်တမ်းပုံစံ၊ မှတ်တမ်းဓါတ်ပုံများကို ဤရုံးသို့ ပြန်လည်တင်ပြပေးရန်နှင့် ၂၀၁၀ ခုနှစ်မိုးရာသီတွင် စိုက်ပျိုးခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးစိုက်ခင်းများအား ဌာနအနေဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အကြောင်းကြားအပ်ပါသည်။

၁၉/၁၁/၂၀၁၁

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
[ မြင့်ဌေး၊ညွှန်ကြားရေးမှူး(စီမံကိန်း) ]

မိတ္တူ။
၁။ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။
၂။ရုံးလက်ခံ ၃။မျှောစာတွဲ ၄။မှာမှုတွဲဖိုင်

D:\nwezinhlaing\3 Division (1-2010) doc

သစ်တောရေးရာဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

________ တိုင်း - ________ ခရိုင် - ________ - မြို့နယ်

ကျေးလက်ဒေသဖွံ့ဖြိုးရေး(၁)ရွာ(၁)ကေဘက်စုံသုံးစိုက်ခင်းလွှဲပြောင်းလက်ခံခြင်း

စာချုပ်မှတ်တမ်း

________ ခုနှစ်၊ မိုးရာသီ၌ ________ မြို့နယ်၊ ________ ကျေးရွာအုပ်စု၊ ________ ကျေးရွာတွင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကျေးရွာ(ရ.ယ.က)တို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး(၁)ရွာ(၁)ကေ ဘက်စုံသုံးစိုက်ခင်းကို( - - )ရက်နေ့တွင် အောက်ဖော်ပြပါ အသိသက်သေများရှေ့မှောက်၌ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ပါသည်။

စိုက်ခင်း၏ ဆက်လက်ဆောင်ရွက်ရမည့် သေပင်ဖာထေးခြင်း/ခါးဆွမြေတောင်မြောက်ပေးခြင်း/ ပေါင်းရှင်းခြင်း/ မြေဩဇာကျွေးခြင်း/ မြကာခြင်း/ ထိန်းသိမ်းခြင်း/ ရှင်ပင်ရေတွက်ခြင်း/ မီးကာကွယ်ခြင်းစသည့် လုပ်ငန်းများကို ဒေသခံ(ရ.ယ.က)၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| စိုက်ခင်းခုနှစ် | - | ________ ခုနှစ် |
| အမျိုးအစား | - | ကျေးလက်ဒေသဖွံ့ဖြိုးရေး(၁)ရွာ(၁)ကေ ဘက်စုံသုံးစိုက်ခင်း |
| ဧရိယာ(ကေ) | - | (၁)ကေ |
| ပန္နက်အကွာအဝေး | - | ၁၂'x၁၂' |
| စိုက်ပျိုးပင်ဦးရေ | - | ( ၃၀၀ )ပင် |
| သစ်မျိုး | - | ယူကလစ် |
| လက်ရှိရှင်ပင်ဦးရေ | - | (  )ပင် |

လွှဲပြောင်းပေးအပ်သူ (အသိသက်သေ) လွှဲပြောင်းလက်ခံသူ

ဦးစီးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
________ မြို့နယ်၊ ________ မြို့

ဥက္ကဋ္ဌ
ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

________ ခုနှစ်၊ လ(  )ရက်နေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့
E-mail dgdzmof@mptmail.net.mm
Website www.dryzone greening.gov.mm

စာအမှတ် ။စီမံကိန်း/စိမ်းလန်း/၆၁ (၁၀၇)၊ ၁၃၃၂-၃၅ /၂၀၁၆
ရက်စွဲ ။၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
(စစ်ကိုင်း၊ မကွေး၊ မန္တလေး)တိုင်းဒေသကြီး

အကြောင်းအရာ။ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ပျိုးပင်အမြင့်နှင့် ကျင်းအရွယ်အစား ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ

ရည် ညွှန်း ချက်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစည်းအဝေးခန်းမတွင် (၁၂-၁၀-၂၀၁၆) ရက်နေ့၌ ကျင်းပပြုလုပ်သော စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးအမှတ်စဉ်(၂၀/၂၀၁၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအလိုက် ၂၀၁၇ခုနှစ်မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ပင် (၅၆၆၈၄)ပင်အား လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ မိုးရာသီမှစတင်၍ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် အမြင့် အနည်းဆုံး၂'နှင့်အထက် (ပျိုးအိတ်အမြင့်မပါ) ပျိုးပင်များသာ စိုက်ပျိုးသွားရန်နှင့် ကျင်းတူးခြင်းလုပ်ငန်း ဆောင်ရွက်ရာ တွင်လည်း ကျင်းအရွယ်အစားမှာ မြေပြန့်တွင် (၃'x၃'x၂')နှင့် တောင်စောင်းတွင် (၄½'x၂'x၂')(၁၈ ကုဗပေ)ဖြင့် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းရန်ပုံငွေအား ခေတ်ကာလနှင့်လျော်ညီအောင် တိုးမြှင့်ခွင့်ပြုသွားရန် ရည်ညွှန်းပါအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၇ခုနှစ်မိုးရာသီ ဆောင်ရွက်မည့် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများမှစတင်၍ ကျင်းတူးခြင်းလုပ်ငန်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများအား အပိုဒ်(၁)ဖော်ပြပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း အလေးထားလိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

17.10.2016

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ဘကျော်၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူ။

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၂။ ရုံးလက်ခံ
၃။ မျှောစာတွဲ
၄။ အမှုတွဲ

MONREC

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

E-mail . dgdzgdmonrec@gmail.com
Website:www.dryzonegreening.gov.mm

စာအမှတ်။ စိမ်ကိန်း/စိမ်းလန်း/လင-၂(က)/ ၄၅၂ - ၅၅ /၂၀၁၇
ရက် စွဲ ။ ၂၀၁၇ ခုနှစ်၊မတ်လ ၁၇ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(၂၀၁၇ ခုနှစ်မိုးရာသီ)တွင် တည်ထောင်မည့် စိုက်ခင်းများတွင် မိုးရေချိန်တိုင်းကိရိယာများ တပ်ဆင်ကြရန်ကိစ္စ

ရည် ညွှန်း ချက် ။ (၁)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ၏ ၁၆-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စိမ်/စမရ/၇၄၈-၇၅၃/ ဘ(ဂ)၄/ ၂၀၁၇

(၂)အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ၏ ၂၈-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စိမ်ကိန်း/စိမ်းလန်း/လင-၂/၆၆၄-၆၇/၂၀၁၆

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မိုးရေချိန်တိုင်းကိရိယာများကို တိုင်းဒေသကြီးအသီးသီးသို့ နှစ်စဉ်ခွဲဝေပေးခဲ့ပြီး၊ ရည်ညွှန်း(၁)ပါစာဖြင့်လည်း မိုးရေချိန်တိုင်းကိရိယာ(၃၀)ခုအား တိုင်းဒေသကြီးအသီးသီးသို့ ထပ်မံခွဲဝေပေးထားပြီးဖြစ်ပါသည်။ထို့အပြင် မိုးရေချိန်တိုင်းကိရိယာများတပ်ဆင်မည့် နေရာရွေးချယ်ခြင်း၊ မိုးရေချိန် တိုင်းကိရိယာ တပ်ဆင်ပုံ၊ မိုးရေချိန်တိုင်းတာမှတ်တမ်းတင်ခြင်းအတွက် လိုက်နာဆောင် ရွက်ရမည့် ညွှန်ကြားချက် နှင့် ကိရိယာအား စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုင်ရာ ညွှန်ကြားချက်များကို ရည်ညွှန်း(၂)ပါစာဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါသည်။

၂။ သို့ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ်မိုးရာသီ)စိုက်ကွက်တိုင်းတွင် မိုးရေချိန်တိုင်းကိရိယာများ မတ်လအတွင်း တပ်ဆင်ပြီးဖြစ်ရေးနှင့် ညွှန်ကြားချက်နှင့်အညီ မိုးရေချိန်တိုင်းကိရိယာများအား ထိန်းသိမ်းစောင့်ရှောက်၍ မိုးရေချိန်နှင့် ရွာသွန်းသည့်ကြာမြင့်ချိန်(အချိန်)အား စနစ်တကျမှတ်တမ်းတင်ထားရှိရေးအတွက် ဝန်ထမ်း(၁)ဦးအား သီးခြား တာဝန်ပေးအပ်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပူးတွဲပါဇယားတွင် ပြည့်စုံစွာဖြည့်စွက်၍ (၃၁-၃-၂၀၁၇) ရက်နေ့ အရောက် ပြန်လည်တင်ပြ ရန်အကြောင်းကြားပါသည်။

၁၇-၃-၂၀၁၇

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
( ဘကျောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း) )

မိတ္တူကို-
၁။ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။
၂။ရုံးလက်ခံ ၃။မျှောစာတွဲ ၄။အမှုတွဲဖိုင်

D:\Copy (Z)\Nini(Letter)\(2016-17)\3-Regions (Repaired).Doc

# မိုးရေချိန်တိုင်းကရိယာနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(၂၀၁၇ ခုနှစ်မိုးရာသီစိုက်) တည်ထောင်မည့် စိုက်ခင်းများတွင်

မိုးရေချိန်တိုင်းကိရိယာ တပ်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ

-------------တိုင်းဒေသကြီး

| စဉ် | ခရိုင်/မြို့နယ် | စိုက်ခင်း အမျိုးအစား | စိုက်ခင်း အမှတ် | စိုက် ဧက | မိုးရေချိန်တိုင်း ကိရိယာထားရှိသည့် တည်နေရာ | စိုက်ခင်းနှင့် ခရီးမိုင်အကွာ အဝေး | မိုးရေချိန်တိုင်း တာမှတ်တမ်း တင်မည့် ဝန်ထမ်း၏ အမည်/ရာထူး |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး ၊ မန္တလေးမြို့


တယ်လီဖုန်းနံပါတ်
ညွှန်ကြားရေးမှူးချုပ်(မန္တလေး) ၀၂ ၃၃၀၃၂ (ရုံး)
(နေပြည်တော်) ၀၆၇ ၄၀၅၁၁၁ (ရုံး)
ဒုတိယညွှန်ကြားရေးမှူးချုပ် ၀၂ ၃၃၀၃၆ (ရုံး)
ညွှန်ကြားရေးမှူး(စီမံ) ၀၂ ၃၃၀၃၅ (ရုံး)
Fax ၀၂ ၃၃၉၈၃ (ရုံး)
ဒုတိယညွှန်ကြားရေးမှူး(စီမံ) ၀၂ ၃၃၉၈၃ (ရုံး)
လ/ထညွှန်ကြားရေးမှူး(စီမံ) ၀၂ ၃၃၀၃၈ (ရုံး)
Fax ၀၂ ၃၃၀၃၈
E-mail : dgdzmol@mptmail.net.mm


စာအမှတ်၊စီမံကိန်း/စိမ်းလန်း/ဃ၄ ၂ / ၁၁၂၂-၂၅ /၂၀၁၃
ရက်စွဲ၊၂၀၁၃ခုနှစ်၊ ဧပြီလ ၂၅ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **မိုးရေချိန်တိုင်းကိရိယာများနှင့် ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ကိစ္စ**

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး(၃)ခု မြို့နယ်များအားလုံးရှိ မိုးရေချိန်တိုင်းကိရိယာများအား ၂၀၁၃ ခုနှစ်မိုးရာသီတွင် စိုက်ပျိုးတည်ထောင်မည့် သစ်တောစိုက်ခင်းစခန်းများနှင့် စိုက်ခင်းများအနီးရှိ ပျိုးဥယျာဉ်များ၌ ထားရှိလျက် မိုးရွာသွန်းမှုအခြေအနေများအား တိုင်းတာချင့်တွယ်စာရင်းကောက်ယူဆောင်ရွက်ကြမည်ဖြစ်ပါသည်။

၂။ မြို့နယ်အသီးသီး၏စိုက်ခင်းစခန်းများရှိ မိုးရေချိန်တိုင်းကိရိယာများသည် အဆိုပါမြို့နယ်များ၏ ၂၀၁၃ ခုနှစ် မိုးရာသီအတွင်း စိုက်ပျိုးတည်ထောင်မည့်သစ်တောစိုက်ခင်းများ အချိန်မီပြီးစီးအောင် စိုက်ပျိုးနိုင်ရေးအတွက် များစွာအထောက်အကူပြုသည့်အပြင် စိုက်ပျိုးခဲ့သည့် စိုက်ခင်းရှိစိုက်ပင်များ၏ ရှင်သန်ကြီးထွားဖြစ်ထွန်းမှု အခြေအနေကိုလည်း နှိုင်းယှဉ်လေ့လာသုံးသပ်ရာ၌ များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါသာမန်မိုးရေချိန်တိုင်းကိရိယာများ တပ်ဆင်ထားရှိခြင်းအတွက် သိရှိလိုက်နာဆောင်ရွက်သင့်သည့် အချက်များအား ပူးတွဲ(၁)ဖြင့်လည်းကောင်း၊ မိုးရေချိန်တိုင်း ကိရိယာအလွယ်တကူပြုလုပ်ခြင်းဆိုင်ရာ နည်းလမ်း(၁)ကို ပူးတွဲ(၂)ဖြင့်လည်းကောင်း၊ မိုးရေချိန်တိုင်းကိရိယာ အလွယ်တကူပြုလုပ်ခြင်းဆိုင်ရာနည်းလမ်း(၂)ကို ပူးတွဲ(၃)ဖြင့်လည်းကောင်း ပြုစုပေးပို့ပါသည်။

၄။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များအနေဖြင့် မိမိတို့၏သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းအပြင် ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်း၏ လုပ်ငန်းစဉ်များဖြစ်သည့် မိုးရေစုကန်များ တည်ဆောက်ခြင်း၊ ရေကန်ငယ်များတူးဖော်ခြင်းနှင့် တစ်ဖက်ရပ်ဆည်ငယ်များ တည်ဆောက်ခြင်းစသည့် လုပ်ငန်းများ၌ပါ လိုအပ်သလို သိရှိလိုက်နာဆောင်ရွက်ကြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ မောင်မောင်တင့်၊ညွှန်ကြားရေးမှူး(စီမံကိန်း) ]

မိတ္တူကို

၁။ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၂။ ရုံးလက်ခံ ၃။ မျှောစာတွဲ ၄။ အမှုတွဲဖိုင်

D:\AMT\Letter Head Selection(M-၂-၃)\၃ Division(Myanmar-၃).doc

## မိုးရေစုကန်တည်ဆောက်ထားသော အဆောက်အဦး ဧရိယာအနီးတွင် မိုးရေချိန်တိုင်းကိရိယာများတပ်ဆင်ထားရှိခြင်း

**သာမန်မိုးရေချိန်တိုင်းကိရိယာ**

မိုးရေချိန်ကိရိယာသည် ထိပ်ဝအကျယ် (၅)လက်မ နှင့် (၈)လက်မ ဟူ၍ (၂)မျိုးရှိပါသည်။ မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနလက်အောက်ရှိ မိုးရေချိန်တိုင်းထွာသော စခန်းအားလုံး၌ ထိပ်ဝအကျယ် (၅)လက်မရှိသော မိုးရေချိန်ကိရိယာကို တပ်ဆင် အသုံးပြုပါသည်။



မိုးရေချိန်တိုင်းကိရိယာတွင်

(က) ကတော့ (ခ) ကိုယ်ထည် (ဂ) ရေခံခွက် (ဃ) အောက်ခံ ဟူ၍ အပိုင်း(၄)ပိုင်းပါရှိပါသည်။

ကတော့နှုတ်ခမ်း၌ အချင်း(၅)လက်မရှိသော ကြေးခွေတပ်ဆင်ထားပါသည်။ ကတော့အတွင်းသို့ ကျဆင်းသော မိုးရေများသည် ပြွန်မှတဆင့် ရေခွက်ထဲသို့ ရောက်ရှိသွားသည်။ မိုးရေချိန်တိုင်းမှတ်လိုသောအခါ ရေခံခွက်ထဲရှိ မိုးရေကို ချိန်တွယ်ဖန်ခွက်ထဲသို့ လောင်းထည့်ပြီး တိုင်းမှတ်ယူနိုင်ပါသည်။

မိုးရေခံခွက်သည် အများအားဖြင့် မိုးရေ(၆)လက်မခန့်သာဆန့်ပါသည်။ တစ်ခါတစ်ရံ မိုးအလွန်ကြီးသည့်အခါ ရေခံခွက်ပြည့်လျှံသွားသော်လည်း မိုးရေသည် ပြင်ပသို့စီးဆင်းကျသွားခြင်း မရှိဘဲ ကိုယ်ထည်အတွင်း၌သာ လျှံကျနေမည်ဖြစ်၍ ကိုယ်ထည်အပိုင်းကို မယူပြီး လျှံကျနေသော မိုးရေကို လုပ်ရိုးလုပ်စဉ်အတိုင်း တိုင်းမှတ်ယူနိုင်ပါသည်။

**နေရာရွေးချယ်ခြင်း**

မိုးရေချိန်ကိရိယာကို ညီညာပြန့်ပြူးသော မြေကွက်လပ်တွင်သာ တပ်ဆင်ထားသင့်ပါသည်။ တောင်ကုန်းမြေမြင့်၊ ရေဝပ်တတ်သောမြေနိမ့်၊ ဆင်ခြေလျောရှိသောမြေနေရာ၊ တိုက်နံရံဘေး (သို့) တိုက်ခေါင်မိုးပေါ် အစရှိသော နေရာများတွင်ထားခြင်းမှ ရှောင်ရှားသင့်ပါသည်။ မိုးရေချိန်ကိရိယာ တတပ်ဆင်ထားရန် နေရာရွေးချယ်ရာ၌ အကောင်းဆုံးလိုက်နာရမည့် စည်းကမ်းချက်မှာ ၎င်းကိရိယာသည် အနီးဆုံး အဆောက်အဦ (သို့) သစ်ပင်ကြီးများနှင့် အနည်းဆုံး ယင်းတို့၏အမြင့် နှစ်ဆ ဝေးကွာရမည်။

မိုးရေချိန်စခန်းအသီးသီး၌ မှတ်ယူရရှိသော တိုင်းထွာချက်များကို နှိုင်းယှဉ်ကြည့်၍ ရနိုင်အောင် ကိရိယာများ၏ နေရာချထားပုံ တူနိုင်သမျှတူရန်လည်း လိုအပ်ပါသည်။

## မိုးရေချိန်ကိရိယာတပ်ဆင်ခြင်း




မိုးရေချိန်တိုင်းကိရိယာတစ်ခု တပ်ဆင်ထားပုံ

မိုးရေချိန်စခန်းများ၌ အများအားဖြင့် မိုးရေချိန်ကိရိယာအောက်၏ အောက်ခံပိုင်းကို အုတ်ခံတွင်မြှုတ်၍ အခိုင်အမာတပ်ဆင်ထားလေ့ရှိပါသည်။ ဤသို့တပ်ဆင်ရာ၌ ကတော့နှုတ်ခမ်းသည် မြေပြင်အထက် (၁)ပေတိတိ အမြင့်ရှိရမည်။ ၎င်းအပြင် ကတော့ထိပ်ဝသည် မြေပြင် နှင့် တစ်ပြေးတည်း ရေချိန်ကိုက် ညီညီညာညာ ရှိရပါမည်။

## မိုးရေချင်ဖန်ခွက်

မိုးရေချိန်တိုင်းမှတ်ရန်အတွက် အထက်ဖော်ပြပါ (၅)လက်မ ထိပ်ဝအကျယ်ရှိ မိုးရေချိန်ကိရိယာ နှင့်အတူ အသုံးပြုရန် အထူးပြုလုပ်ထားသော မိုးရေချင်ဖန်ခွက်ကို အသုံးပြုရပါမည်။ (၈)လက်မ ထိပ်ဝအကျယ်ရှိ မိုးရေချိန်ကိရိယာ နှင့် တွဲဖက်သုံး၍မရပါ။ ၎င်းဖန်ခွက်သည် (၁)လက်မ (သို့) လက်မဝက် ဝင်ဆန့်သည်။ ၎င်းဖန်ခွက်ပေါ်တွင် လက်မ၏ဆယ်စိတ် နှင့် ရာစိတ်အမှတ်အသားများ မှတ်သားထားပါသည်။ ထို့ကြောင့် ၎င်းဖန်ခွက်ဖြင့် မိုးရေ (၁)လက်မ၏ ရာစိတ်တစ်စိတ်အထိ မှန်ကန်အောင် တိုင်းမှတ်ယူနိုင်ပါသည်။ ၎င်းအပြင် မီလီမီတာဖြင့် တိုင်းတာနိုင်သော ဖန်ခွက်များလည်း ရှိပါသည်။ ၂၅မမ၊ ၁၅မမ၊ ၁၀မမ စသည်ဖြင့် ဝင်ဆံ့သည့် မီလီမီတာခွက်များလည်း အသုံးပြုကြပါသည်။



**မိုးရေချိန်တိုင်းမှတ်ခြင်း**

မိုးရေချိန်တိုင်းမှတ်လိုသောအခါ ရေခွက်ထဲမှမိုးရေကို မိုးရေချင်ဖန်ခွက်ထဲသို့ လောင်းထည့်ပါ။ ထို့နောက်ဖန်ခွက်ကို စားပွဲပေါ်တွင်တင်ထား၍ဖြစ်စေ၊ လက်ထဲ၌ကိုင်ထား၍ဖြစ်စေ မျက်စေ့ နှင့် တစ်ပြေးတည်းထားပြီး ဖန်ခွက်ထဲရှိမိုးရေသည် မည်သည့် အမှတ်အသားအထိရှိသည်ကို ကြည့်ရှုခြင်းဖြင့် အလွယ်အကူ တိုင်းမှတ်ယူနိုင်ပါသည်။

အကယ်၍ ဖန်ခွက်ထဲမှမိုးရေသည် ဖန်ခွက်ဆန့်သည်ထက်များနေလျှင် ၂ကြိမ်(သို့)၃ကြိမ် စသည်ဖြင့် ခွဲ၍တိုင်းမှတ်ယူပြီး အလီလီတိုင်းမှတ်ရရှိထားသော မိုးရေချိန်များကို ပေါင်း၍ စုစုပေါင်းမိုးရေချိန်ကို တွက်ယူနိုင်ပါသည်။

**တိုင်းမှတ်ယူချိန်**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် လက်ရှိကျင့်သုံးနေသော စည်းကမ်းချက်အရ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိုးရေချိန်စခန်းအားလုံး၌ နေ့စဉ်နေ့တိုင်း နံနက်(၀၉း၃၀)နာရီ မြန်မာစံတော်ချိန်တွင် မိုးရေချိန်တိုင်းမှတ်ချက်များမှ ယူကြပါသည်။ ၎င်းအချိန်၌ မှတ်ယူရရှိသော မိုးရေချိန်သည် လွန်ခဲ့သော (၂၄)နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်ပင်ဖြစ်ပါသည်။

ရာသီဥတုစခန်းများအားလုံး၌ နေ့စဉ်နေ့တိုင်း မြန်မာစံတော်ချိန် နံနက်(၀၉း၃၀)နာရီ နှင့် ညနေ (၁၈း၃၀)နာရီ တိုင်းတွင် မိုးရေချိန်တိုင်းမှတ်ချက်များ ယူကြပါသည်။

အချိန်ပြည့်စခန်းကြီးများ၌ မြန်မာစံတော်ချိန် ၀၆း၃၀၊ ၀၉း၃၀၊ ၁၂း၃၀၊ ၁၅း၃၀၊ ၁၈း၃၀ အချိန်များ၌ မိုးရေချိန်တိုင်းမှတ်ချက်များ ယူကြပါသည်။

**မိုးရေချိန်ကိရိယာကို စောင့်ရှောက်ထိန်းသိမ်းခြင်း**

မိုးရေချိန်ကိရိယာကို နေသားတကျ တပ်ဆင်ထားပြီးသောအခါ အထူးဂရုစိုက် စောင့်ကြည့် ထိန်းသိမ်းရန် မလိုပါ။ အလွယ်အကူ ပျက်စီးမည်ကို စိုးရိမ်စရာမလိုပါ။ သို့သော် ကတော့ပြွန်တံ၌ အမှိုက်များ၊ ကျောက်ခဲသလဲများဝင်ပြီး ပိတ်ဆို့မနေစေရန် ဂရုပြုရပါမည်။ ထို့အပြင် ကတော့ရေခံခွက် နှင့် ကိုယ်ထည်၌ ရေယိုပေါက်များရှိမရှိကို ကြည့်ရပါမည်။ ရေယိုပေါက်တွေ့လျှင် ချက်ချင်း ဖာထေးပြုပြင်ရန်လိုပါသည်။ သစ်ပင်ပေါင်းပင်များမရှိအောင် ရှင်းလင်းထားရမည်။

ကိရိယာကို ကျွဲ၊ နွား၊ တိရိစ္ဆာန်များ နှင့် မသမာသူများ၏ အနှောင့်အယှက်များကင်းဝေးအောင် လုံခြုံစွာ ဝင်းခြံကို သောခတ်ထားရမည်။ ဝင်းခြံအကျယ်အဝန်းမှာ အနည်းဆုံး (၁၂)ပေ ပတ်လည် နှင့် အမြင့် (၄)ပေ ရှိရမည်။

# Simple Rain Gauge

This is a simple rain gauge that students can make on their own

## Materials

- A plastic 2-litre pop bottle with straight sides
- Ruler at least 15 centimeters in length
- Scissors
- Stones or large gravel
- Clear tape
- Water



## Method

1. Cut the bottle about 10 centimeters from its top. Save the top part.
2. Place stones or gravel in the bottom of the bottle until they fill the little bumps in the bottom and come up to the part of the bottle where the sides are straight. This will add weight to the gauge to make it more stable.
3. Tape the ruler to the side of the bottle so that the zero mark on the ruler is a centimeter or two about the stones.
4. Pour enough water into the bottle so that the water level is at the zero mark on the ruler.
5. Take the top of the bottle (the part you cut off earlier), turn it upside down, and put it into the bottom portion so that it looks like a funnel.
6. Set your gauge in an open area away from trees or buildings, which may affect the amount of rain that falls into the bottle.
7. When it has rained, take a reading using the ruler taped to the side of the bottle. Then pour out the excess water until the water level is once again at zero. (If you pour out too much water, simply add more until the water level again reaches zero on the ruler.)



Points to discuss

If you leave your rain gauge out in the sun for a day, be sure to check the gauge as some of the water may evaporate. If that happens, just add water until the level is at zero again.
As a further exercise, your students may want to tape a coffee filter into the funnel part of the gauge to collect any particles that fall into the gauge. The rainwater will drip through the filter and into the bottle eventually. Your students can then look at the filter through a microscope and see what it captured.

နည်းလမ်း (၂)

လိုအပ်သောပစ္စည်းများ

၁. အဝကျယ် ဖန်ပုလင်း တစ်လုံး (မိုင်လို သို့မဟုတ် နက်(စ်)ကော်ဖီ ပုလင်းအကြီး)

၂. ၅ လက်မ အချင်းရှိ သံ (သို့မဟုတ်) ပလတ်စတစ်ကတော့တစ်ခု

၃. အရှည် (၂) ပေ ခန့်ရှိသည့် စည်ပတ်သံပြား (၂)ချောင်း (ကတော့ကျွတ်မထွက်အောင်ထိန်းရန်)

၄. မိုးဇလဌာနသုံး မိုးရေချင်ဖန်ခွက် နှင့် စံကိုက်ချိန်ညှိထားသော အမှတ်အသားများပါဝင်သည့် အောက်မျက်နှာပြင်ချောမွေ့သည့် ပလတ်စတစ်အကြည် ဗူးရှည်တစ်ခု

၅. ၂" × ၁" ×၁' သစ်သားချောင်း ၈ ချောင်း (ပုလင်းမရွှေ့စေရန်အတွက် သစ်သားခွေပြုလုပ်ရန်)

၆. ၁၂'× ၁၂' ပတ်လည် အမြင့် ၄' ရှိ ဝါးရာဇမတ်ကွက်ကာ ခြံတစ်ခု

ပြုလုပ်နည်းအဆင့်ဆင့်

၁. ပုလင်းမလဲနိုင်လောက်သည့် အပေါက်ပါရှိသော သစ်သားခွေတစ်ခုပြုလုပ်ရပါမည်။

၂. ပုလင်းကို ကတော့တပ်လျှက် အမြင့်တိုင်းတာရပါမည်။

၃. စည်ပတ်သံပြားကို အဖျားပိုင်းတစ်ခုမှ ၁"ခန့် အရှည် ကို ကတော့ အဖျားပိုင်းကို ကုတ်မိနေစေရန်အတွက် အတွင်းဖက်သို့ ပြန်ခေါက်ထားရပါမည်။

၄. စည်ပတ်သံပြား (၂)ခု ကို မျက်နှာချင်းဆိုင် သစ်သားခွေနှင့် အသေရိုက်ထားပါ။

၅. သစ်သားခွေအား ရေပြင်အညီထား၍ ကတော့တပ်ဆင်ထားသော ပုလင်းအား သစ်သားခွေတွင်ထည့်ပါ။ ကတောအပေါ်ပိုင်း နှင့် မြေမျက်နှာပြင်ကြား အမြင့်သည် (၁') အနည်းဆုံးရှိရပါမည်။

၆. ခေါက်ထားသော စည်ပတ်သံပြား (၂)ခု နှင့် ကတော့ကို ပုလင်းမှ ကျွတ်မထွက်စေရန် လိုသလို ထိန်းချုပ်ပေးရပါမည်။

၇. မိုးရေချိန်ကို ဖတ်ရန်အတွက် စံကိုက်ချိန်ညှိထားသော ဗူးအတွင်းသို့ ရေကို မဖိတ်စင်အောင် လောင်းထည့်၍ ရေမျက်နှာပြင်ကို မျက်စေ့နှင့်တစ်တန်းတည်းထားကာ ဖတ်ပါ။

နည်းလမ်း (၂) အတွက် လိုအပ်သော ပစ္စည်းများ နှင့် တပ်ဆင်ထားပုံ



၅" အချင်း ကတော့



အဝကျယ် ဖန်ပုလင်း



စံကိုက်ချိန်ညှိထားသော
မိုးရေချင်ဖန်ခွက်



သစ်သားခွေ
(၁.၅'×၁.၅'×၁')



စည်ပတ်သံပြား




မိုးရေချိန်တိုင်း ကိရိယာအား မြေပြင်တွင် တပ်ဆင်ထားပုံ

## မိုးရေချိန်တိုင်း ကိရိယာ ဓါတ်ပုံများ

(က) စံမိုးရေချိန်တိုင်း ကိရိယာပုံများ



FIG. 151.—Standard rain-gauge.





(ခ) အိမ်တွင်းလုပ် မိုးရေချိန်တိုင်းကိရိယာများ














(ဂ) အိမ်တွင်းလုပ် မိုးရေချိန်တိုင်းကိရိယာ ပုံကြမ်းများ






(ဃ) ဌာနအနေဖြင့် လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲ အသုံးချနိုင်မည့် မိုးရေချိန်တိုင်းကိရိယာ




မိုးရေချိန်တိုင်းကိရိယာ ၏ ပါဝင်သောအစိပ်အပိုင်းများ ဖော်ပြထားသောပုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မန္တလေးမြို့

E-mail : d.gdzmai@mptmail.net.mm
Website: www.dryzonegreening.gov.mm

စာအမှတ်၊ စိမ်ကိန်း/စိမ်းလန်း/သ၂(က)/ ၈၈၄-၈၇/၂၀၁၆
ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်

သို့

ညွှန်ကြားရေးမှူး
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး

အကြောင်းအရာ။ **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (၂၀၁၆ခုနှစ်မိုးရာသီ)တွင် တည်ထောင်မည့် စိုက်ခင်းများတွင် မိုးရေချိန်တိုင်းကိရိယာများ တပ်ဆင်ခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ညွှန်ကြားရေးမှူးရုံး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၈-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ စိမ်းလန်း/ စ(ခ)/ ၂၅၄၉-၅၁/ ၂၀၁၆

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(၂၀၁၆မိုးရာသီ)တွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်း(၁၄၀၀)ကေ၌ မိုးရေချိန်တိုင်း ကိရိယာတပ်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မိုးရေချိန်ကို စနစ်တကျချိန်တွယ်မှတ်တမ်းရယူဆောင်ရွက်ရန်အတွက် မိုးရေချိန်တိုင်းတာ မှတ်တမ်းတင်မည့် စိုက်ခင်းအလိုက်ဝန်ထမ်းများ တာဝန်ပေးအပ်မှုစာရင်းများကို ရည်ညွှန်းပါစာဖြင့် တင်ပြမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်မှ **"သာစည်မြို့နယ် တပ်ဆင်မှုစနစ်တကျရှိရေး သက်ဆိုင်ရာတိုင်းဒေသကြီးသို့ အကြောင်းကြားရန်"**ဟု မိန့်မှတ်ချက် ပြုခဲ့ပါသည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ မိန့်မှတ်ချက်နှင့်အညီ သာစည်မြို့နယ်တွင် တပ်ဆင်ထားသော စိုက်ခင်းမိုးရေချိန်တိုင်း ကိရိယာအား ပူးတွဲဖော်ပြပါ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပြန်လည်တပ်ဆင်ထားရှိရန်၊ တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်အသီးသီးတွင် တပ်ဆင်ထားရှိသော မိုးရေချိန်တိုင်း ကိရိယာများ ကိုလည်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီဖြစ်စေရေး ပြန်လည်စိစစ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအား ဦးစီးရုံးချုပ်သို့ အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

28-4-2016

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
[ ဘကောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)]

မိတ္တူကို-
၁။ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
၂။ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ (စစ်ကိုင်း၊ မကွေး) တိုင်းဒေသကြီးမှ သိရှိအလေးထားလိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ဖြင့် ပေးပို့ပါသည်။
၃။ရုံးလက်ခံ ၄။ မျှောစာတွဲ ၅။ အမှတ်တွဲဖိုင်

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မိုးရေချိန်တိုင်းကိရိယာတပ်ဆင်ရန် ညွှန်ကြားချက်**

**မြေနေရာရွေးချယ်ခြင်း**

မိုးရေချိန်တိုင်းကိရိယာကို ညီညာပြန့်ပြူးသောမြေကွက်လပ်တွင်သာ တပ်ဆင်ထားသင့်သည်။ တောင်ကုန်းမြေမြင့်၊ ရေဝပ်တတ်သောမြေနိမ့်၊ ဆင်ခြေလျှောရှိသောနေရာ၊ တိုက်နံရံဘေး (သို့)တိုက်ခေါင်မိုးပေါ် အစရှိသောနေရာများတွင် ထားခြင်းမှရှောင်ရှားသင့်သည်။ မိုးရေချိန်တိုင်းကိရိယာ တပ်ဆင်ထားရန် နေရာရွေးချယ်ရာ၌ အကောင်းဆုံးနေရာမှာ အနီးဆုံးအဆောက်အဦ(သို့) သစ်ပင်ကြီးများနှင့် အနည်းဆုံး ယင်းတို့၏အမြင့်နှစ်ဆဝေးကွာရမည်။ မိုးရေချိန်စခန်းအသီးသီး၌ မှတ်ယူရသော တိုင်းထွာချက်များကို နှိုင်းယှဉ်ကြည့်၍ရနိုင်အောင် ကိရိယာများ၏ နေရာချထားပုံ တူနိုင်သမျှ တူနိုင်ရန်လည်းလိုအပ်ပါသည်။

**မိုးရေချိန်ကိရိယာတပ်ဆင်ထားပုံ**




